ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
အကောက်ခွန်ဦးစီးဌာန

# အကောက်ခွန်သတင်းလွှာ

အတွဲ ၁၀ ၊ အမှတ် ၂ ၂၀၂၄ ခုနှစ်၊ မေလ ၁ ရက်

## ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် ဦးဆောင်သည့် ကိုယ်စားလှယ် (၅) ဦးတို့အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ လိုက်ပါပို့ဆောင်



ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် ဦးဆောင်သည့် ကိုယ်စားလှယ် (၅) ဦးတို့အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ လိုက်ပါပို့ဆောင်ခဲ့စဉ်။

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ လွမ်ပရာဘမ်မြို့တွင် ကျင်းပမည့် (၂၈) ကြိမ်မြောက် အာဆီယံဘဏ္ဍာရေးဝန်ကြီးများအစည်းအဝေး၊ (၁၁) ကြိမ်မြောက် အာဆီယံဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများ အစည်းအဝေးနှင့် ဆက်စပ်ဆွေးနွေးပွဲများသို့ တက်ရောက်မည့် ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် ဦးဆောင်သည့် ကိုယ်စားလှယ် (၅) ဦးတို့အား ၂-၄-၂၀၂၄ ရက်နေ့ နံနက် (၀၈:၃၀) နာရီအချိန်တွင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန လက်အောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများမှ ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ လိုက်ပါပို့ဆောင်ခဲ့ပါသည်။

# မဟာသင်္ကြန်ရုံးပိတ်ရက်ကာလများအတွင်း အသံမစဲပဋ္ဌာန်းရွတ်ဖတ်ပူဇော်ခြင်းနှင့် နှစ်သစ်ကူး အဋ္ဌရာယ်ကင်း ပရိတ်တရားတော်နာယူခြင်း အခမ်းအနားများ ကျင်းပ




မဟာသင်္ကြန်ရုံးပိတ်ရက်ကာလများအတွင်း အသံမစဲပဋ္ဌာန်းရွတ်ဖတ်ပူဇော်ခြင်းနှင့် နှစ်သစ်ကူးအဋ္ဌရာယ်ကင်း ပရိတ်တရားတော်နာယူခြင်း အခမ်းအနားတွင် သံဃာတော်များအား ဆွမ်းဆက်ကပ်လှူဒါန်းနေစဉ်။

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ၁၃၈၅ ခုနှစ်၊ မဟာသင်္ကြန် နှစ်သစ်ကူးကာလတွင် ရုံးချုပ်အပေါ် ထပ် ဘုရားခန်း၌ ၁၄-၄-၂၀၂၄ ရက်နေ့ သင်္ကြန်အကျနေ့ နေ့လည် (၁၅:၀၀) နာရီမှ စတင်၍ ၁၇-၄-၂၀၂၄ ရက်နေ့ နှစ်ဆန်းတစ်ရက်နေ့ နံနက်အထိ အသံမစဲပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲ ကျင်းပခြင်း၊ ၁၇-၄-၂၀၂၄ ရက်နေ့ (မြန်မာနှစ်ဆန်းတစ်ရက်နေ့) နံနက် (၁၀:၀၀) နာရီတွင် ရုံးချုပ် (ဇေယျာသီဟာခန်းမ) ၌ ပဋ္ဌာန်းသိမ်းအောင်ပွဲ အခမ်းအနားကျင်းပပြီးနောက် အဋ္ဌရာယ်ကင်းပရိတ် တရားတော်နာယူခြင်း အခမ်းအနားများအား ကျင်းပခဲ့ပါသည်။

၁၃၈၅ ခုနှစ်၊ မဟာသင်္ကြန်နှစ်သစ်ကူးကာလ ပဋ္ဌာန်းသိမ်းအောင်ပွဲနှင့် အဋ္ဌရာယ်ကင်းပရိတ်တရားတော်နာယူခြင်း အခမ်းအနားသို့ ညွှန်ကြားရေးမှူးချုပ် ဦးဆောင်၍ ဒုတိယညွှန်ကြားရေးမှူးချုပ်(အုပ်ချုပ်မှုနှင့်စီမံရေးရာ) ၊ ညွှန်ကြားရေးမှူးများ ၊ ဒုတိယညွှန်ကြားရေးမှူးများ နှင့် ဌာနခွဲများမှ ဝန်ထမ်းများဖြင့် စုစုပေါင်း အင်အား (၆၀) ဦး တက်ရောက်ခဲ့ကြပါသည်။

# မီးရထား၊ ပြည်တွင်းရေကြောင်းသွားရေယာဉ်၊ ပြည်တွင်းကမ်းရိုးတန်းသွားရေယာဉ်များတွင် အသုံးပြုမည့် ကုန်တင်လွှာစနစ် စံပြုလုပ်ငန်းစဉ်များ ( SOPs) တို့အား စမ်းသပ်ကာလ Pilot Project (၃) လ အသုံးပြု ဆောင်ရွက်နေစဉ်ကာလအတွင်း တွေ့ရှိခဲ့ရသည့် အခက်အခဲအားနည်းချက် ၊ အားသာချက် ၊ ပြင်ဆင် ဖြည့်စွက်လိုသည့် အချက်များ ၊ သုံးသပ်အကြံပြုချက်များနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများနှင့်ပတ်သက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ




အကောက်ခွန်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေ၊ ကုန်တင်လွှာစနစ် စံပြုလုပ်ငန်းစဉ်များ (SOPs) စမ်းသပ်ကာလ Pilot Project (၃) လ အသုံးပြု ဆောင်ရွက်နေမှုများနှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားစဉ်။

မီးရထား ၊ ပြည်တွင်းရေကြောင်းသွားရေယာဉ် ၊ ပြည်တွင်းကမ်းရိုးတန်းသွားရေယာဉ်များတွင် အသုံးပြုမည့် ကုန်တင်လွှာစနစ်စံပြုလုပ်ငန်းစဉ်များ (SOPs) တို့အား စမ်းသပ်ကာလ Pilot Project (၃) လ အသုံးပြု ဆောင်ရွက်နေစဉ်ကာလအတွင်း တွေ့ရှိခဲ့ရသည့် အခက်အခဲအားနည်းချက် ၊ အားသာချက် ၊ ပြင်ဆင်ဖြည့်စွက်လိုသည့်အချက်များ ၊ သုံးသပ်အကြံပြုချက်များနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများနှင့်ပတ်သက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ၉-၄-၂၀၂၄ ရက်နေ့ နံနက် (၀၉:၃၀) နာရီအချိန်တွင် အကောက်ခွန်ဦးစီးဌာန၊ ဇေယျာသီဟခန်းမ၌ ကျင်းပခဲ့ပါသည်။

အစည်းအဝေးကို အကောက်ခွန်ဦးစီးဌာန ၊ ညွှန်ကြားရေးမှူးချုပ် ဦးဆောင်၍ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဌာနခွဲအသီးသီးမှ အကောက်ခွန်အရာရှိများ၊ ရေကြောင်းပို့




**ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးကိုကိုနိုင်၊ ကုန်တင်လွှာစနစ် စံပြုလုပ်ငန်းစဉ်များ(SOPs) စမ်းသပ်ကာလ Pilot Project (၃) လ အသုံးပြု ဆောင်ရွက်နေမှုများနှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားစဉ်။**

ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူး ၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ ဒုတိယအထွေထွေမန်နေဂျာ၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး မှ လက်ထောက်အထွေထွေမန်နေဂျာ တို့က In-Person တက်ရောက်ခဲ့ကြပြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၊ အတွင်းမှူးရုံး မှ ညွှန်ကြားရေးမှူး ၊ ကုန်သွယ်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူး ၊ မြန်မာ့မီးရထားမှ ဒုတိယအထွေထွေမန်နေဂျာ၊ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးများက Video Conferencing စနစ်ဖြင့် တက်ရောက်ခဲ့ကြသည်။

# အကောက်ခွန်ဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များဖြစ်ကြသော ဦးအောင်ဆန်းထွန်း၊ ဦးရဲထွန့်အောင်တို့က ဦးဆောင်၍ အိန္ဒိယအကောက်ခွန်မှ မြန်မာနိုင်ငံဆိုင်ရာ ကိုယ်စားလှယ်ဖြစ်သူ Mr. Sandeep Kumar Rawal နှင့် တွေ့ဆုံဆွေးနွေးခြင်း



အကောက်ခွန်ဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များဖြစ်ကြသော ဦးအောင်ဆန်းထွန်း ၊ ဦးရဲထွန့်အောင် တို့ ဦးဆောင်သော မြန်မာ့အကောက်ခွန်ကိုယ်စားလှယ်အဖွဲ့နှင့် အိန္ဒိယအကောက်ခွန်မှ မြန်မာနိုင်ငံဆိုင်ရာကိုယ်စားလှယ်ဖြစ်သူ Mr. Sandeep Kumar Rawal တို့ မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကူးစဉ်။

၂၀၂၄ ခုနှစ် ၊ ဧပြီလ ၁၁ ရက် (ကြာသပတေးနေ့) ၊ နံနက် (၁၀:၀၅) နာရီအချိန်တွင် ရန်ကုန်မြို့ အကောက်ခွန်ဦးစီးဌာနရုံးချုပ်၊ အစည်းအဝေးခန်းမ (၁) ၌ အကောက်ခွန်ဦးစီးဌာန မှ ဒုတိယညွှန်ကြားရေးမှူးချုပ်များဖြစ်ကြသော ဦးအောင်ဆန်းထွန်း ၊ ဦးရဲထွန့်အောင်တို့က ဦးဆောင်၍ အိန္ဒိယအကောက်ခွန်မှ မြန်မာနိုင်ငံဆိုင်ရာကိုယ်စားလှယ် ဖြစ်သူ Mr. Sandeep Kumar Rawal နှင့် တွေ့ဆုံဆွေးနွေးခဲ့ကြပါသည်။ အဆိုပါ တွေ့ဆုံဆွေးနွေးပွဲတွင် မြန်မာ–အိန္ဒိယနှစ်နိုင်ငံ ကုန်သွယ်ရေးလမ်းကြောင်းအခြေအနေများ ၊ တင်သွင်း/တင်ပို့မှုအခြေအနေ ၊ နှစ်နိုင်ငံ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်မည့်အခြေအနေ၊ နှစ်နိုင်ငံလက်မှတ်ရေးထိုးရန် ဆောင်ရွက်လျက်ရှိသည့် နားလည်မှုစာချွန်လွှာ (MOU) အခြေအနေ၊ အိန္ဒိယနိုင်ငံဖက်မှ အပြန်အလှန် အကူအညီပေးရေးကိစ္စရပ်များအား ဆွေးနွေးခဲ့ကြပါသည်။

# လုပ်ငန်းခွင်အသုံးချနိုင်ရေး စာတွေ့၊ လက်တွေ့ MACCS စနစ် အသုံးပြုမှုဆိုင်ရာ သင်တန်းဖွင့်လှစ်



လုပ်ငန်းခွင်အသုံးချနိုင်ရေး စာတွေ့၊ လက်တွေ့ MACCS စနစ်အသုံးပြုမှုဆိုင်ရာ သင်တန်းအား ဖွင့်လှစ်သင်ကြားပို့ချနေစဉ်။

MACCS စနစ်ဖြင့် ကြေညာလွှာများအား Document စစ်ဆေးရာတွင်လည်းကောင်း ၊ Physical စစ်ဆေးရာတွင်လည်းကောင်း ပိုမိုထိရောက်မှုရှိစေရေးနှင့် ကျွမ်းကျင်ပိုင်နိုင်မှုရှိစေရေးအတွက် System ဖြင့် စစ်ဆေးဆောင်ရွက်ရမည့် နည်းလမ်းများအား သင်တန်းပို့ချခြင်းကို ၁-၄-၂၀၂၄ ရက်နေ့ မှ ၁၀-၄-၂၀၂၄ ရက်နေ့အထိ ဌာနခွဲအသီးသီးမှ သင်တန်းသား (၂၂) ဦးဖြင့် MACCS ဌာနခွဲ အစည်းအဝေးခန်းမ၌ ဖွင့်လှစ်သင်ကြားပို့ချပေးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန မှ ၂၀၂၄ ခုနှစ် ၊ ဧပြီလအတွင်း ခန့်မှန်းတန်ဖိုးကျပ် ( ၈၅၀၇.၃၈၆ ) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိ

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ၊ ဆိပ်ကမ်း ၊ အထူးကင်း ၊ ရန်ကုန်စာတိုက် နှင့် အကောက်ခွန်နယ်မြေဒေသများ ၌ တင်သွင်း/တင်ပို့ခွင့် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိဘဲ တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးရှာဖွေ တားဆီးအရေးယူမှုများ ဆောင်ရွက်လျက်ရှိရာ ဧပြီလ (၁) ရက် မှ (၃၀) ရက် အထိ စုစုပေါင်း တားဆီး/ဖမ်းဆီးမှု (၂၂၂) မှု ဖြစ်ပြီး ခန့်မှန်းတန်ဖိုးကျပ် ( ၈၅၀၇.၃၈၆ ) သန်းဖြစ်ပါသည်။

## ရန်ကုန် တားဆီး/ ဖမ်းဆီးမှု



၂-၄-၂၀၂၄ ရက်နေ့တွင် အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း (AWPT) မှ IDNo. 100276212260 (25.3.2024) ၊ ပေ-၂၀ ကုန်သေတ္တာ (၁၄) လုံးဖြင့် တင်သွင်းလာသော ကုန်ပစ္စည်းများအား အထူးအဖွဲ့ Suspectအရ (ထုတ်/သွင်း၊ကာကွယ်ရေး၊ စစရ၊ အထူးအဖွဲ့) တို့ဖြင့် မျက်မြင်ဖွင့်ဖောက်စစ်ဆေးရာ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိဘဲ ပါရှိလာသော (Plastic Resin) (1Bag x 1150kg) (280Bags) (Jambo Bag) (C/O-China) (322000KG) ၊ ခန့်မှန်းတန်ဖိုးကျပ် (၆၇၆,၂၀၀,၀၀၀/-) ခန့်အား အမှုတွဲဖွင့်လုစ်၍ တားဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန မှ ၂၀၂၄ ခုနှစ် ၊ ဧပြီလအတွင်း ခန့်မှန်းတန်ဖိုးကျပ် ( ၈၅၀၇.၃၈၆ ) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိ

## ရန်ကုန် တားဆီး/ ဖမ်းဆီးမှု




၉-၄-၂၀၂၄ ရက်နေ့တွင် မြန်မာ့စက်မှုဆိပ်ကမ်း (MIP) ၌ ID No. 100276693200 (1.4.2024)၊ ကုန်သေတ္တာအမှတ်- TCKU 6715276 (1X40') ဖြင့် တင်သွင်းလာသော ကုန်ပစ္စည်းများအား အထူးအဖွဲ့၏ Suspectအရ (ကာကွယ်ရေး ၊ ထုတ်/သွင်း ၊ စစရ ၊ အထူးအဖွဲ့) တို့ဖြင့် ပူးပေါင်းစစ်ဆေးခဲ့ရာ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်နှင့် ကွဲလွဲပါရှိလာသော (Industrial Automatic Sewing Machine Set)(Direct Drive High Speed Four Auto Locks Stitch Sewing Machine) (Brand-ZOJE) (Model-ZIA 8000-DY-G102) (Maximum Output Current 15 A) (Dimension-685x 261x 570 mm) (Voltage) (AC 220 V) (C/O-China) (600 U) ၊ ခန့်မှန်းတန်ဖိုးကျပ် (၂၅၂,၀၀၀,၀၀၀/-) ခန့်အား အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။

## အကောက်ခွန်ဦးစီးဌာန မှ ၂၀၂၄ ခုနှစ် ၊ ဧပြီလအတွင်း ခန့်မှန်းတန်ဖိုးကျပ် ( ၈၅၀၇.၃၈၆ ) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိ

### နယ်မြေများတွင်တားဆီး/ဖမ်းဆီးမှု







၃-၄-၂၀၂၄ ရက်နေ့ ၁၃:၁၅ အချိန်ခန့်တွင် ဝေါမြို့မရဲစခန်းမှ ညောင်ခါးရှည် (X-Ray) စက် တာဝန်ကျဝန်ထမ်းများသည် ဘားအံမြို့မှ ရန်ကုန်မြို့သို့ သွားရောက်မည့် ယာဉ်အမှတ်-(7L-1218) (Yutong Bus) (6W) ယာဉ်အား ညောင်ခါးရှည် (X-Ray) စက်မှ ခေါ်ယူ၍ ပဲခူးမြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံးသို့ လာရောက်အပ်နှံခဲ့သဖြင့် ပူးပေါင်းအဖွဲ့ဖြင့် စစ်ဆေးခဲ့ရာ စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော (Polypropylene Homo-polymer) (Brand - REPOL)(1 x 25 kg) (C/O - India) (180 bags)၊ ခန့်မှန်းတန်ဖိုးကျပ်(၁၃,၅၀၀,၀၀၀/-)ခန့်အား လည်းကောင်း၊ အခင်းဖြစ်ယာဉ်အမှတ်- (7L-1218) (Brand - Yutong Bus) (6W) (Model - 2015) (C/O - China) (1 U) ၊ ခန့်မှန်းတန်ဖိုးကျပ် (၄၀,၀၀၀,၀၀၀/-) ခန့်အား လည်းကောင်း အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန မှ ၂၀၂၄ ခုနှစ် ၊ ဧပြီလအတွင်း ခန့်မှန်းတန်ဖိုးကျပ် ( ၈၅၀၇.၃၈၆ ) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိ

## နယ်မြေများတွင်တားဆီး/ဖမ်းဆီးမှု







၂၆-၄-၂၀၂၄ ရက်နေ့ ၁၂:၃၀ နာရီအချိန်ခန့်တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း တာဝန်ကျပူးပေါင်းစစ်ဆေးရေးအဖွဲ့သည် ဘားအံမြို့မှ ရန်ကုန်မြို့သို့ ထွက်ခွာလာသော ယာဉ်အမှတ်-(5N-5414) (Express) (ရွှေဖားစည်ခရီးသည်တင်ယာဉ်) အား ဖွင့်ဖောက်စစ်ဆေးခဲ့ရာ တရားဝင်အခွန်ပေးဆောင်ထားသော စာရွက်စာတမ်း တစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသည့် (LITHIUM IRON PHOSPHATE BATTERY) (Brand-Felicity Solar 15kWh 51.2V)(Model- LPBF 48300)(Size-718×450×1112 MM) (4 U) ၊ ခန့်မှန်းတန်ဖိုးကျပ် (၂၈,၀၀၀,၀၀၀/-) ခန့်အား လည်းကောင်း၊ အခင်းဖြစ်ယာဉ်အမှတ်-(5N-5414) (Express) (ရွှေဖားစည်ခရီးသည်တင်ယာဉ်) (Brand - HIGER) (Type - Bus) (4 x 2) (Model - 2011) (C/O - China) (1 U) ၊ ခန့်မှန်းတန်ဖိုးကျပ် (၃၅,၀၀၀,၀၀၀/-) ခန့်အား လည်းကောင်း အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန မှ ၂၀၂၄ ခုနှစ် ၊ ဧပြီလအတွင်း ခန့်မှန်းတန်ဖိုးကျပ် ( ၈၅၁၇.၃၈၆ ) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိ

## ထူးခြားဖမ်းဆီးမှု






၁-၄-၂၀၂၄ ရက်နေ့ ၀၈:၃၀ နာရီ အချိန်ခန့်တွင် (၁၆) မိုင် ကျောက်ချောစစ်ဆေးရေးစခန်း၌ အတက်ယာဉ်စစ်ဆေးရေးအကောက်ခွန်အဖွဲ့ဝင်များသည် မန္တလေးမြို့မှ နောင်ချိုမြို့သို့ မောင်းနှင်လာသော ယာဉ်အမှတ်- (CC/6049) (TOYOTA CROWN JZS171 SALOON) ယာဉ်အား စစ်ဆေးရာ ယာဉ်ပေါ်၌ ဂျပ်စက္ကူပုံးများအတွင်း စားသောက်ကုန်ပစ္စည်းများအောက်၌ အဖြူရောင်တိပ် ၊ သတင်းစာစက္ကူတို့ဖြင့် ထုပ်ထားသော ကျောက်စိမ်းဟုယူဆရသည့် ကျောက်လက်ကောက်ကွင်းများအား စစ်ဆေးတွေ့ရှိရသဖြင့် အသေးစိတ်စစ်ဆေးနိုင်ရန် မန္တလေးမြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံးသို့ ခေါ်ယူ၍ ပူးပေါင်းအဖွဲ့ဖြင့် စစ်ဆေးခဲ့ရာ တရားဝင်အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် (ကျောက်စိမ်းဟုယူဆရသော ကျောက်လက်ကောက်ကွင်းအချောဆိုဒ်စုံ) (1x30kgx2Pkgs) (60Kg) ၊ ခန့်မှန်းတန်ဖိုးကျပ် (၁၂,၀၀၀,၀၀၀/-) ခန့်အား လည်းကောင်း ၊ အခင်းဖြစ်ယာဉ်အမှတ်-(CC/6049) (TOYOTA CROWN JZS171 SALOON) (4x2) (Model-2002) (C/O-Japan) (1U) ၊ ခန့်မှန်းတန်ဖိုးကျပ် (၃၀,၀၀၀,၀၀၀/-) ခန့်အား လည်းကောင်း အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန မှ ၂၀၂၄ ခုနှစ်၊ ဧပြီလအတွင်း ခန့်မှန်းတန်ဖိုးကျပ် ( ၈၅၀၇.၃၈၆ ) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိ

**ထူးခြားဖမ်းဆီးမှု**





၂၅-၄-၂၀၂၄ ရက်နေ့ ၂၂:၀၀ အချိန်ခန့်တွင် မန္တလေးတိုင်းဒေသကြီးတရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့ဝင်များသည် မန္တလေးလမ်းဟောင်း၊ မိုင်တိုင်အမှတ် (၃၈၇/၀) အနီး၌ ရှောင်တခင်စစ်ဆေးရာ မိုင်တိုင်အမှတ် (၃၈၅/၂) အနီး၌ မသင်္ကာဖွယ်ရပ်တန့်ထားသော ယာဉ်အမှတ်-(9H/7826) (12W) ယာဉ်အား စစ်ဆေးရာ ယာဉ်ပေါ်၌ တရားဝင်စာရွက်စာတမ်း အထောက်အထားများ တင်ပြနိုင်ခြင်းမရှိသော ကျွန်းဟုယူဆရသောခွဲသားများအား စစ်ဆေးတွေ့ရှိရသဖြင့် သစ်တောဦးစီးဌာန နှင့် ပူးပေါင်း၍ အသေးစိတ်စစ်ဆေးနိုင်ရန် မန္တလေးမြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံးသို့ ခေါ်ဆောင်ခဲ့၍ ပူးပေါင်းအဖွဲ့ဖြင့်စစ်ဆေးရာ ယာဉ်ပေါ်၌ တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော (ကျွန်းခွဲသားဆိုဒ်စုံ) (၁၈၅ချောင်း)၊ စုစုပေါင်း (၁၃.၁၉၅၆ တန်)၊ ခန့်မှန်းတန်ဖိုးကျပ် (၂၄,၄၁၁,၈၆၀/-) ခန့်အား လည်းကောင်း၊ အခင်းဖြစ်ယာဉ်အမှတ်- (9H/7826) (HINO PROFIA CD4ZA TRUCK) (12W) (8x4) (Model – 2003) (C/O – Japan) (1 U)၊ ခန့်မှန်းတန်ဖိုးကျပ် (၃၀,၀၀၀,၀၀၀/-) ခန့်အား လည်းကောင်း အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။